# ဝေဒနာသက်သက်မျှကိုသာ သက်သာပျောက်ကင်းစေသော ပြုစုစောင့်ရှောက်မှု **နှင့်** နာတာရှည်ဆေးရုံ ပြုစုစောင့်ရှောက်မှု

## ကွဲပြားမှုများ

### သဘောတရား

**ဝေဒနာသက်သက်မျှကိုသာ သက်သာပျောက်ကင်းစေသော ပြုစုစောင့်ရှောက်မှု**

ဝေဒနာသက်သက်မျှကိုသာ သက်သာပျောက်ကင်းစေသော ပြုစုစောင့်ရှောက်မှုသည် လူတစ်ဦးတစ်ယောက်၏ရှင်သန်နေထိုင်မှုဘဝအရည်အသွေးကို တိုးမြှင့်ဖော်ဆောင်ပေးသည့်၊ သက်သောင့်သက်သာရှိစေသည့် ကုသမှုမျိုးကို ပံ့ပိုးပေးပါသည်။

- ကုသမှုနှင့်တစ်ချိန်တည်း ပံ့ပိုးပေးရခြင်းဖြစ်သည်
- သေဆုံးခြင်း သို့မဟုတ် အသက်သေဆုံးသည်အထိ ဖြစ်သွားခြင်းအမြဲမရှိပါ
- ကုသမှုပေးရန်နှင့် သက်သောင့်သက်သာဖြစ်စေရန်ကိုသာ အဓိကထားပါသည်
- ဝေဒနာသက်သက်မျှကိုသာ သက်သာပျောက်ကင်းစေသော ပြုစုစောင့်ရှောက်မှုအားလုံးသည် နာတာရှည်ဆေးရုံပြုစုစောင့်ရှောက်မှုမဟုတ်ပါ

**နာတာရှည်ဆေးရုံပြုစုစောင့်ရှောက်မှု**

ကုသ၍မရသော ရောဂါနောက်ဆုံးအဆင့်ရှိ လူနာများကို တတ်နိုင်သမျှ သက်သောင့်သက်သာ ရှင်သန်နေထိုင်သွားနိုင်စေမည့် ပံ့ပိုးမှုနှင့် စောင့်ရှောက်မှုများကို နာတာရှည်ဆေးရုံက ပံ့ပိုးပေးအပ်လျက်ရှိပါသည်။

- ကြပ်မတ်ကုသမှုပြီးနောက် ပေးရသည့် စောင့်ရှောက်မှုဖြစ်သည်
- သေဆုံးသည်အထိ ဖြစ်သွားတတ်သည်
- ပံ့ပိုးမှုနှင့် သက်သောင့်သက်သာရှိမှုကိုပေးသည်
- နာတာရှည်ဆေးရုံပြုစုစောင့်ရှောက်မှုအားလုံးသည် ဝေဒနာသက်သက်မျှကိုသာ သက်သာပျောက်ကင်းစေသော ပြုစုစောင့်ရှောက်မှုဖြစ်သည်

### သတ်မှတ်ချက်ပြည့်မီမှု

- အသက်ရှင်ရန် အချိန်မည်မျှပင် ကျန်ရှိစေကာမူ အသက်အန္တရာယ်ဖြစ်စေနိုင်သည့် ရောဂါ၏ဆိုးဝါးပြင်းထန်သည့် မည်သည့်အဆင့်ကိုမဆို ရောက်နေသည့် လူနာများ
- ကြပ်ကြပ်မတ်မတ်ကုသမှုခံယူသည့် အဆင့်အပါအဝင် ရောဂါဒဏ်ခံနေရသည့် အချိန်တလျှောက်လုံး

- ရောဂါသည် ပုံမှန်အတိုင်းဆက်ဖြစ်နေမည်ဆိုပါက အသက်ခြောက်လအောက်သာ နေရတော့မည်ဟု ခန့်မှန်းထားခြင်းခံထားရသည့် လူနာများ
- ကုသမှုကို ဆက်လက်ခံယူရန် ဆန္ဒမရှိတော့သောအခါ သို့မဟုတ် ဆက်လက်ကုသရန် မရွေးချယ်တော့သည့်အခါ

### ဂရုစိုက်ရေးအဖွဲ့

ပါဝင်နိုင်သူများ

- ဝဒေနာသက်သက်မျှကိုသာ သက်သာပျဓာက်ကင်းစသေဓာ ပုစြုစဓာင့်ရှဓာက်မှုဆိုင်ရာ အထူးပုခြ်ာရာဝန်
- သူနာပုပြ်
- သူနာပုပြ့အကူ
- အာဟာရဗဒေပညာရှင်
- လူမှုဝန်ထမ်း
- ဆေးစပ်ပညာရှင်
- ဘာသာတရားဖြင့် နှစ်သိမ့်ဆွေးနွေးပညာပေးသူ
- ကုထုံးပညာရှင်
- စေတနာ့ဝန်ထမ်း

ပါဝင်နိုင်သူများ

- ဝေဒနာသက်သက်မျှကိုသာ သက်သာပျောက်ကင်းစေသော ပြုစုစောင့်ရှောက်မှုဆိုင်ရာ အထူးပြုဆရာဝန်
- သူနာပြု
- သူနာပြုအကူ
- အာဟာရဗေဒပညာရှင်
- လူမှုဝန်ထမ်း
- ပူဆွေးကျန်ရစ်သူများအား နှစ်သိမ့်ဆွေးနွေးပေးသူ
- ဆေးစပ်ပညာရှင်
- ဘာသာတရားဖြင့် နှစ်သိမ့်ဆွေးနွေးပညာပေးသူ
- ကုထုံးပညာရှင်
- စေတနာ့ဝန်ထမ်း

### တည်နေရာ

ဝေဒနာသက်သက်မျှကိုသာ သက်သာပျောက်ကင်းစေသော ပြုစုစောင့်ရှောက်မှုကို ဆေးရုံကဲ့သို့သော အင်စတီကျူးရှင်းတစ်ခုခုတွင် လက်ခံရတတ်ပါသည်။ အိမ်၊ ဆေးခန်း သို့မဟုတ် ဘိုးဘွားရိပ်သာတွင်လည်း ရရှိနိုင်ပါသည်။

နာတာရှည်ဆေးရုံသည် လူနာမည်သည့်နေရာတွင် နေထိုင်စေကာမူ လူနာရှိရာသို့ လာရောက်ပံ့ပိုးပေးသည့် ဝန်ဆောင်မှုဖြစ်သည်။ ၎င်းတွင် ကိုယ်ပိုင်အိမ်၊ ကျွမ်းကျင် လူနာပြုစုရေးဌာန သို့မဟုတ် နောက်ဆုံးခိုနားရာ ပြုစုစောင့်ရှောက်ရေးဌာနတို့ပါဝင်နိုင်သည်။

အောက်ပါအာမခံအကာအကွယ်များဖြင့် ပေးချေပါမည်

- Medicare – Medicare အပိုင်း B အရ ပံ့ပိုးပေးသည့် အာမခံအကာအကွယ်ဖြစ်ပြီး ပူးတွဲပေးချေမှုများ၊ အဖိုးအခများနှင့်ပါ အကျုံးဝင်ပါသည်။
- Medicaid – ပုံမှန်ပံ့ပိုးပေးအပ်သည့် အာမခံအကာအကွယ် ပူးတွဲပေးချေမှုများ၊ အဖိုးအခများနှင့်ပါ အကျုံးဝင်သည့် Medicaid အကျိုးခံစားခွင့်များ။
- ပုဂ္ဂလိကအာမခံ – အာမခံအပေါ်မူတည်သည့် အကာအကွယ်ဖြစ်သည်။

အောက်ပါအာမခံအကာအကွယ်များဖြင့် ပေးချေပါမည်

- Medicare – ရောဂါနောက်ဆုံးအဆင့်ဆိုင်ရာ ဝန်ဆောင်မှုများကို Medicare နာတာရှည်ဆေးရုံဝန်ဆောင်မှုအကျိုးခံစားခွင့် အပိုင်း A မှ အပြည့်အဝပေးချေပါသည်
- Medicaid – Medicaid နာတာရှည်ဆေးရုံအကျိုးခံစားခွင့် က အပြည့်အဝပေးချေပါသည်
- ပုဂ္ဂလိကအာမခံ – နာတာရှည်ဆေးရုံဝန်ဆောင်မှုများကို အပြည့်အဝဖြစ်စေ၊ ပူးတွဲပေးချေမှုများဖြင့်ဖြစ်စေ အကာအကွယ်ပေးသည့် အာမခံတော်တော်များများရှိပါသည်

## တူညီသော အဂင်္ါရပ်များ

- နာကျင်မှုဝေဒနာနှင့် အခြားရောဂါလက္ခဏာများကို လျော့ပါးသက်သာစေသည်
- လူနာများ၏ရှင်သန်နေထိုင်မှုဘဝအရည်အသွေးကို တိုးမြှင့်ဖော်ဆောင်ပေးမည့် ပံ့ပိုးမှုစနစ်ရှိသည်
- လူနာ နာမကျန်းဖြစ်နေသည့် ကာလအတောအတွင်းတွင် နိုင်နိုင်နင်းနင်းစီမံခန့်ခွဲနိုင်စေမည့် ပံ့ပိုးမှုစနစ်တစ်ခုကို လူနာမိသားစုနှင့် ပြုစုစောင့်ရှောက်ပေးသူများအား ကမ်းလှမ်းပေးအပ်လျက်ရှိပါသည်
- အဖွဲ့လိုက်ကိုင်တွယ်ဖြေရှင်းပေးသည့် နည်းလမ်းကို အသုံးပြုပြီး လူနာများ၊ မိသားစုများနှင့် ပြုစုစောင့်ရှောက်သူများ၏လိုအပ်ချက်များကို ဖြေရှင်းပေးပါသည်
- စိတ်ပိုင်းဆိုင်ရာနှင့် ဘာသာတရားပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဂရုပြုဖြည့်ဆည်းပေးပါသည်

MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan

Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association